# မူလဝင်ငွေအခြေအနေသို့ ပြန်လည်ရောက်ရှိစေရေးအစီအစဉ် သီလဝါ

# Income Restoration Program in Thilawa

## ဇုန်ဘီပြန်လည်နေရာချထားသောနေရာရှိအားနည်းသော အိမ်ထောင်စုများအားထောက်ပံ့ခြင်းအစီအစဉ် (၂၀၁၉ခုနှစ် မေလ ၂၇ ရက်)



သီလဝါအထူးစီးပွားရေးဇုန် အပိုင်း(ခ)မှ ပြောင်းရွှေ့လာသူများနေထိုင်သည့် ဇုန်(ဘီ)ပြန်လည်နေရာချထားရေးနေရာတွင် မူလဝင်ငွေပြန်လည်ရရှိရေးအစီအစဉ်တစ်ရပ်အနေဖြင့် ၂၀၁၈ခုနှစ် မတ်လမှစတင်၍သတ်မှတ်ချက်နှင့်ကိုက်ညီသည့်အကျုံးဝင်အားနည်းသော အိမ်ထောင်စုများအား အခြေခံစားသောက်ကုန် (ဆန်နှင့်ဆီ) များကို လစဉ်ထောက်ပံ့ပေးခဲ့ပါသည်။ ယခုလတွင်လည်း အားနည်းသော အိမ်ထောင်စု(၂၂)စုမှမိသားစုဝင်(၅၁)ဦးတို့ ကို ၂၀၁၉ ခုနှစ်၊ မေလ(၂၇)ရက်နေ့ တွင် ထောက်ပံ့ပေးနိုင်ခဲ့ပါသည်။

## အခြေခံနှင့်အဆင့်မြင့် စက်ချုပ်သင်တန်း အောင်မြင်စွာပြီးဆုံး (၂၀၁၉ခုနှစ် ဇွန်လ ၁၂ ရက်)





မူလဝင်ငွေပြန်လည်ရရှိရေးအစီအစဉ်တစ်ရပ်အနေဖြင့်ထောက်ပံ့ခဲ့သော အခြေခံနှင့်အဆင့်မြင့်စက်ချုပ်သင်တန်းပြီးဆုံးခြင်း အခမ်းအနားကို၂၀၁၉ခုနှစ်၊ဇွန်လ၁၂ရက်နေ့တွင်မြိုင်သာယာမူကြိုကျောင်းတွင်ကျင်းပခဲ့ပါသည်။ပထမဦးစွာသီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီမှအဖွင့်အမှာစကားပြောကြားခဲ့ပြီး သင်တန်းတွင်ထူးချွန်စွာ တက်ရောက်ခဲ့ကြသော သင်တန်းသား/သူများအားပထမ၊ဒုတိယ၊တတိယနှင့်စတုတ္ထဆုများကိုအသီးသီးချီးမြှင့်ခဲ့ကြပါသည်။ ထိုနောက်သင်တန်းအောင်မြင်ပြီးသော စီမံကိန်းကြောင့်ထိခိုက်သူများကိုစက်ချုပ်ပညာဖြင့်အသက်မွေးဝမ်းကျောင်းပြုစေလိုသောရည်ရွယ်ချက်ဖြင့် မော်တာအပ်ချုပ်စက်များအား အခမဲ့ငှားရမ်းပေးခဲ့ပါသည်။ထိုအပြင် သင်တန်းသား/သူများအား safeguardများနှင့်မီးပူများကို မဲဖောက်ပေးခဲ့ပါသည်။

## Vulnerable People Program for May was provided on 27th May, 2019



As a part of income restoration program activities, the basic foodstuffs were being provided for Zone B project affected vulnerable families who are compatible with vulnerable people program criteria since March 2018 at Zone B relocation site. For the month of May, total 51 family members from 22 vulnerable families are provided on 27th May 2019.

## Closing and award ceremony of basic and advance tailoring training on 12th June 2019





Basic and advance tailoring training provided as a part of income restoration program is successfully finished on 12th June 2019 at Myaing Tharyar Kindergarten. First of all, TSMC gave the opening speech and awarded the 1st, 2nd, 3rd and 4th prizes for those trainees who are outstanding during the training period. Then, the motor sewing machines were rented to project affected people which intended to start the small scale business for their livelihoods restoration. Finally, the lucky draw for irons and safeguards was opened to the trainees.

Thilawa Resettlement IRP Technical Assistance Team, Address: Dagon – Thilawa Road,Thilawa SEZ, Thanlyin Township,
Email: irp_information@irpthilawa.com , Phone Number: +959779623649

## ကျောက်တန်းမြို့နယ်အေးမြသီတာရပ်ကွက်တွင် သီလဝါအထူးစီးပွားရေးဇုန်မကျေနပ်မှုဆိုင်ရာစီမံခန့်ခွဲမှုလုပ်ထုံးလုပ်နည်းအကြောင်းကိုမိတ်ဆက်ရှင်းလင်းခြင်း (၂၀၁၉ခုနှစ် ဇွန်လ ၂၃ရက်)





၂၀၁၉ခုနှစ်၊ ဇွန်လ၊ ၂၃ရက်နေ့တွင် သီလဝါအထူးစီးပွားရေးဇုန်မှ မကျေနပ်မှုဆိုင်ရာစီမံခန့်ခွဲမှုလုပ်ထုံးလုပ်နည်း(TCMP)ကိုအေးမြသီတာရပ်ကွက်တွင် မိတ်ဆက်ရှင်းလင်းခြင်းပြုလုပ်ခဲ့ပါသည်။ အဆိုပါရှင်းလင်းပွဲသို့MJTD၊သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီနှင့်ကျေးရွာနေလူထုများမှ စုစုပေါင်း(၁၁၆)ဦး တက်ရောက်ခဲ့ကြပါသည်။မိတ်ဆက်ရှင်းလင်းပွဲပြုလုပ်ရခြင်း၏ရည်ရွယ်ချက်မှာသီလဝါအထူးစီးပွားရေးဇုန်နှင့်ပတ်သက်သောမကျေနပ်ချက်များရှိပါကထိခိုက်ခံရသောလူထုသည်TCMPကိုအသုံးပြု၍လွယ်ကူအဆင်ပြေစွာတင်ပြနိုင်ကြောင်း၊ဖြေရှင်းဆောင်ရွက်မှုများမှာလည်းယခင်ကထက်ပိုမိုထိရောက်လာနိုင်ကြောင်းလူထုဆက်ဆံရေးအရာရှိမှTCMPလုပ်ထုံးလုပ်နည်းနှင့် ၎င်း၏လုပ်ဆောင်ချက်များ၊ ဖြေရှင်းဆောင်ရွက်မှုများအားရှင်းလင်းတင်ပြခဲ့ပါသည်။ယခုကဲ့သို့သော မိတ်ဆက်ရှင်းလင်းခြင်းများကို သီလဝါအထူးစီးပွားရေးဇုန်အနီးပတ်ဝန်းကျင်တွင်ရှိသောလူထုများနှင့်ဆက်လက်ပြုလုပ်ကျင်းပသွားမည်ဖြစ်ပါသည်။

## အားနည်းသောအိမ်ထောင်စုများအားထောက်ပံ့ခြင်းအစီအစဉ်နှင့် သုံးလတစ်ကြိမ် စစ်တမ်းကောက်ယူခြင်း (၂၀၁၉ခုနှစ် ဇွန်လ ၂၆ရက်)





၃လတစ်ကြိမ်ပုံမှန်ပြုလုပ်နေကျဖြစ်သော အားနည်းသောမိသားစုများအားထောက်ပံ့ခြင်း အစီအစဉ်အတွက်စစ်တမ်း ကောက်ယူခြင်းနှင့် လစဉ်အခြေခံစားသောက်ကုန်ထောက်ပံ့ခြင်း အစီအစဉ်ကို ၂၀၁၉ ခုနှစ်၊ ဇွန်လ၊ ၂၆ရက်နေ့တွင် ဇုန်(ဘီ)ပြန်လည်နေရာချထားရေးနေရာ၌ပြုလုပ်ခဲ့ပါသည်။ဇွန်လ၏စစ်တမ်းကောက်ချက်များအရ အားနည်းသောမိသားစုများအားထောက်ပံ့ခြင်းအစီအစဉ်စည်းမျဉ်းများနှင့်ကိုက်ညီသည့်အသက်၆၀နှစ်ပြည့်ပြီးဖြစ်သောအိမ်ထောင်စုတစ်စုကိုထပ်တိုး၍ စုစုပေါင်းအိမ်ထောင်စု ၂၃ စုမှ မိသားစုဝင် ၅၃ ဦးတို့အား ယခုလမှစတင်၍ ထောက်ပံ့ပေးသွားမည်ဖြစ်ပါသည်။

## Introduction the Thilawa Complain Management Procedure (TCMP) at project affected community, Aye Mya Thida Ward, Kyauktan on 23rd June 2019





In order to share the idea of TCMP, the roll-out activity was made at Aye Mya Thida ward on 23rd June 2019. Around 116 participants including officers from TSMC, MJTD and community from Aye Mya Thida ward attended the meeting. The purpose of the activity is to give the awareness to community about the TCMP which is not only used by community easy to raise their concerned issues related with the SEZ but also helpful to find the solutions effectively than before. During the meeting, the concepts of TCMP, procedures and the resolution processes were explained to the participants by the community relation officer. This kind of roll-out activity will be made with all the project affected communities continuously.

## Quarterly Vulnerable People Program monitoring was conducted and monthly VPP provision on 26th June 2019





Quarterly Vulnerable People Program monitoring is conducted to vulnerable families and monthly Vulnerable People Program was followed as usual on 26th June 2019. According to the monitoring result in June, one household which is entitled with VPP criteria was added to Vulnerable People Program starting from June. Basic foodstuffs are provided for those total 53 family members from 23 vulnerable households.